MARS 2021, BURMESISK

# ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး အကြောင်း အမြန်လမ်းညွှန်

COVID-19 (ကိုရိုနာဗိုင်းရပ်စ်) ကာကွယ်ဆေးနှင့်ပတ်သက်ပြီး နော်ဝေးဂျီးယန်း ပြည်သူ့ကျန်းမာရေး တက္ကသိုလ် ထံမှ အချက်အလက်အကျဉ်း



## ကာကွယ်ဆေးထိုးခြင်း အကြောင်း

ကာကွယ်ဆေးကို ထိုးသင့်သည်ဟု တိုက်တွန်းအကြံပြုထားသူအားလုံးကို ထိုးခံနိုင်ရန် စီစဉ်ပေးပါလိမ့်မည်။

အခမဲ့ဖြစ်ပါသည်။

ကာကွယ်ဆေးသည် ကိုဗစ်-19 ဘေးမှ ကာကွယ်ပေးနိုင်ပါသည်။



## ဘယ်လို ကာကွယ်ဆေးထိုးခံရမလဲ။

ကာကွယ်ဆေးကို လက်မောင်းတွင် ထိုးရပါမည်။

အချို့သော ကာကွယ်ဆေးများကို ရက်သတ္တပတ်အနည်းငယ်ခြားပြီး နှစ်ကြိမ်ထိုးရပါမည်။

သင်တွင် ကိုယ်ဝန်ရှိလျှင်၊ ဓာတ်မတည့်ခြင်းရှိလျှင်၊ ဆေးဝါးသောက်သုံးနေလျှင်၊ နေမကောင်းလျှင် သို့မဟုတ် ကိုဗစ်-19 ဖြစ်ဖူးလျှင် အသိပေးပါ။




## ကာကွယ်ဆေးက ဘယ်လောက်ထိရောက်မှုရှိသလဲ။

ကာကွယ်ဆေးအပြည့်ထိုးနှံပြီး 1-2 ပတ်အတွင်း လူအများစုကို ကိုဗစ်-19 ရောဂါမှ ကာကွယ်ပေးပါသည်။

ကာကွယ်ဆေးထိုးပြီးလျှင်လည်း ရောဂါထိန်းချုပ်ရေး အကြံပြုချက်များကို လိုက်နာပါ။

FHI



## ကာကွယ်ဆေးက ဘယ်လိုအလုပ်လုပ်သလဲ။

ကာကွယ်ဆေးက ကိုရိုနာဗိုင်းရပ်စ်ကို သိရှိအောင် နှင့် ခုခံကာကွယ်တတ်အောင် ခန္ဓာကိုယ်ကို သင်ကြားပေးပါသည်။

ကာကွယ်ဆေးသည် ခန္ဓာကိုယ်ထဲမှ လျင်မြန်စွာ ပြန်ထွက်သွားပါသည်။

သို့ရာတွင် ခန္ဓာကိုယ်က ဗိုင်းရပ်စ်ကို ဘယ်လို ခုခံကာကွယ်ရမလဲ မှတ်မိကျန်ခဲ့ပါသည်။



## ဘေးထွက်အကျိုးများ

ကာကွယ်ဆေးကို ထောင်ပေါင်းများစွာသော လူများပါဝင်သည့် လေ့လာမှုအကြီးစားများဖြင့် စမ်းသပ်ထားပြီး ဖြစ်ပါသည်။ တွေ့ရများသော ဘေးထွက်အကျိုးများမှာ-

- ကာကွယ်ဆေးထိုးသည့်နေရာတွင် နာခြင်း
- နွမ်းလျခြင်း
- ခေါင်းကိုက်ခြင်း
- ကိုယ်လက်နာကျင်ကိုက်ခဲခြင်း
- ဖျားခြင်း သို့မဟုတ် ချမ်းခြင်း

ဘေးထွက်အကျိုးများသည် ခံရခက်သော်လည်း ရက်အနည်းငယ်အကြာတွင် ပျောက်သွားတတ်ပါသည်။



## အဖြစ်နည်းသော ဘေးထွက်အကျိုးများ

ကာကွယ်ဆေးထိုးပြီးနောက် မျှော်လင့်မထားသော၊ ပြင်းထန်သော သို့မဟုတ် အချိန်အတန်ကြာ ဖြစ်နေသောလက္ခဏာများခံစားရပါက ဆရာဝန် သို့မဟုတ် အခြားကျန်းမာရေး ဝန်ထမ်းများကို ဆက်သွယ်ပါ။

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးနှင့်ပတ်သက်ပြီး အချက်အလက်များ ပိုမိုသိရှိလိုပါက နော်ဝေးဂျီးယန်း ပြည်သူ့ကျန်းမာရေး တက္ကသိုလ် ၏ ဝက်ဘ်ဆိုက်ဖြစ်သော https://www.fhi.no/kvp တွင် ဝင်ကြည့်ပါ။